**ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ ပြန်လည်လာရောက်နိုင်မည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်ရေးအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပါသည်။**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီတခုဖြစ်သော UNHCR နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာတစ်ခုကို ယနေ့ နေပြည်တော်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤနားလည်မှုစာချွန်လွှာသည် ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ ၎င်းတို့၏ဆန္ဒ သဘောထားနှင့်အညီ၊ အန္တရာယ်ကင်းစွာ၊ သိက္ခာရှိရှိ၊ စဉ်ဆက်မပြတ် ပြန်လာနိုင်မည့်အခြေအနေကောင်းများ ဖြစ်ပေါ်လာရေးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းများအားလုံး အတွက် ပိုမိုကောင်းမွန်ပြီးခံနိုင်ရည်အားကောင်းသော အသက်မွေးဝမ်းကြောင်းမှုများ ဖန်တီးရေးတို့ကို ရည်ရွယ်သည့် ကုလသမဂ္ဂနှင့် အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုအတွက် မူဘောင်တစ်ခု ချမှတ်ရန် လိုအပ်သော ကနဦး ခြေလှမ်းတစ်ရပ် ဖြစ်သည်။